ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)**

နေပြည်တော် ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သည် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၉ ပုဒ်မခွဲ (ခ) နှင့် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အလုပ်မှ ရပ်စဲခံရသော အလုပ်သမားနှင့်ပတ်သက်၍ အလုပ်ရှင် က ပေးရမည့် နစ်နာကြေးနှုန်းထားများကို သတ်မှတ်လိုက်သည်။

**နစ်နာကြေးနှုန်းထားများ**

အလုပ်ရှင်သည် အလုပ်သမား သို့မဟုတ် အလုပ်သမားများအား အလုပ်မှ ရပ်စဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း လုပ်သက်ရှိသူများအတွက် **နောက်ဆုံးထုတ် လစာ (အချိန်ပိုကြေးမပါ)** ဖြင့် အောက်ဖော်ပြပါ နစ်နာကြေးနှုန်းထားများ အတိုင်း ပေးရမည်-

(က) လုပ်သက် ခြောက်လ ပြည့်ပြီး တစ်နှစ် မပြည့်ပါက နစ်နာကြေး လဝက် လစာ၊

(ခ) လုပ်သက် တစ်နှစ်ပြည့်ပြီး နှစ်နှစ် မပြည့်ပါက နစ်နာကြေး တစ်လစာ၊

(ဂ) လုပ်သက် နှစ်နှစ်ပြည့်ပြီး သုံးနှစ် မပြည့်ပါက နစ်နာကြေး တစ်လခွဲ လစာ၊

(ဃ) လုပ်သက် သုံးနှစ်ပြည့်ပြီး လေးနှစ် မပြည့်ပါက နစ်နာကြေး သုံးလစာ၊

(င) လုပ်သက် လေးနှစ်ပြည့်ပြီး ခြောက်နှစ် မပြည့်ပါက နစ်နာကြေး လေးလစာ၊

(စ) လုပ်သက် ခြောက်နှစ်ပြည့်ပြီး ရှစ်နှစ် မပြည့်ပါက နစ်နာကြေး ငါးလစာ၊

(ဆ) လုပ်သက် ရှစ်နှစ်ပြည့်ပြီး တစ်ဆယ်နှစ် မပြည့်ပါက နစ်နာကြေး ခြောက်လစာ၊

(ဇ) လုပ်သက် တစ်ဆယ်နှစ်ပြည့်ပြီး ၂၀ နှစ် မပြည့်ပါက နစ်နာကြေး ရှစ်လစာ၊

(ဈ) လုပ်သက် ၂၀ နှစ်ပြည့်ပြီး နှင့် ၂၅ နှစ် မပြည့်ပါက နစ်နာကြေး တစ်ဆယ်လစာ၊

(ည) လုပ်သက် ၂၅ နှစ် နှင့်အထက် ရှိပါက နစ်နာကြေး ၁၃လစာ၊

ဦးအေးမြင့်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၇၀-အလ/ဍ္ဌ(၁)(၃၄/၁၁)(၆၇၄၁)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၃ ရက်